# ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၃၃) ရက်မြောက်နေ့ အစီအစဉ်

## (၂၄ - ၈ - ၂၀၁၂) (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေငြာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံအမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ အစီအစဉ် ကြေငြာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်ရယူခြင်း။

၅။ ကြယ်ပွင့် ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမြင့်သူ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၏ မြန်မာနိုင်ငံ၏ မြို့တော်များအား သန့်ရှင်းလှပသည့် နိုင်ငံတကာအဆင့်မီ မြို့တော်များဖြစ်အောင် ကွမ်းစားသူများ ကွမ်းတံတွေးထွေးရာတွင် စည်းကမ်းရှိလာစေရန် မည်ကဲ့သို့ စီမံချက်များ စတင်ချက်မှတ်ဆောင်ရွက်မည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မသန်စွမ်းအခန်းကဏ္ဍမြင့်မားရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော လာတ်ပေးလာတ်ယူမှု ပပျောက်ရေး ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ဒေါက်တာချမ်းငြိမ်း၊ ကန့်ဘလူ မဲဆန္ဒနယ်၏ " မြန်မာနိုင်ငံတိုင်းရင်းသားများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ မှတ်တမ်းစွယ်စုံကျမ်း ပြုစုထားရှိရေး အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း-

(က) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်။

(ခ) ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်။

(ဂ)	ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်။

၈။	အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေငြာခြင်း။